
# တရုတ်–လာအိုနှစ်နိုင်ငံတို့လက်တွဲ၍ လန်ချန်း–မဲခေါင်မြစ်ဒေသငါးမျိုးများထိန်းသိမ်း

မကြာမီ သတင်းထောက်က စစ်ဆောင်ပန်နား တိုင်(ရှမ်း)တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ အစိုးရစိုက်ပျိုးရေးဌာနမှရရှိသောသတင်းအရ လန်ချန်း-မဲခေါင်မြစ်၏ ဒေသငါးမျိုးများသည် ပဏာမအားဖြင့် စုံစမ်းစစ်ဆေးပြီးဖြစ်ကြောင်း၊ ငါးအမျိုးမှာ စုစုပေါင်း(၁၀၇) မျိုး ရှိကြောင်းသိရသည်။ လက်ရှိတွင် ယင်းပြည်နယ်ခွဲသည် လာအိုနိုင်ငံမြောက်ပိုင်းရှိ နန်ထာစသည့် ပြည်နယ်များနှင့် ငါးအရင်းအမြစ် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ထိရောက်သော ပူးပေါင်းဆောင်ရွက်ရေးစနစ်ကို တည်ထောင်ခဲ့ပြီးဖြစ်သည်။

မေးမြန်းခြင်းအရ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်(၆)နိုင်ငံတို့၏ မိခင်မြစ်ကို ကာကွယ်ထိန်းသိမ်းနိုင်ရန် စစ်ဆောင်ပန်နားပြည်နယ်ခွဲသည် လာအိုဖက်နှင့် နယ်စပ်ဖြတ်ကျော် ငါးအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ လာအိုနိုင်ငံ နန်ထာပြည်နယ်၊ ဝူတောမူစိုက်ပြည်နယ်၊ ဖုန်းရှားလီပြည်နယ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အသီးသီး လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ နှစ်ဦးနှစ်ဘက်အပြန်အလှန် လည်ပတ်မှုစနစ်ကို တည်ထောင်ခဲ့ပြီး ငါးလုပ်ငန်းဖြင့် "ပြည်ပသို့ထွက်ရန်" အတွက် ကောင်းမွန်သော အခြေခံအုတ်မြစ်ချမှတ်နိုင်ခဲ့ကြောင်း၊ ထို့ပြင်လာအိုအစိုးရသဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ငါးအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အတူတကွ ကာကွယ်ရေးဇုန်များကို သတ်မှတ်ထားကာ တရုတ်-လာအိုနှစ်နိုင်ငံ အရင်းအမြစ်ထိန်းသိမ်းရန် ပူးပေါင်းဆောင်မှုစနစ်ကိုလည်း တည်ထောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ယင်းပြည်နယ်ခွဲသည် အရင်းအမြစ်နှစ်မျိုး၊ ဈေးကွက်နှစ်ခုကို ကောင်းမွန်အောင်အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း "ပြည်ပသို့ ထွက်ရန်" ခြေလှမ်းမြန်အောင် ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် လာအို၊ မြန်မာနိုင်ငံတွင် သီးနှံ၊ ရော်ဘာ၊ ကြံ၊ ကြယ်ဆီကြိမ်စသည်တို့ကို အဓိကထားသော စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစခန်းများ၌ စိုက်ဧရိယာတရုတ်မိုပေါင်းတစ်သန်းကျော်ကို တည်ထောင်ခဲ့ပြီးဖြစ်သည်။

သတင်းထောက်။ တိုက်ကျိန်ဟွာ


ဒေသငါးတစ်မျိုးကို တွေ့ရစဉ်၊

# ကူမင်းမြို့ရှိ ဥယျာဉ်ကြီး(၈)ခုတွင် တရုတ်နှစ်သစ်ကူးပွဲတော်ဂုဏ်ပြုရန် စီးရီးလှုပ်ရှားမှုများကျင်းပ

သတင်းထောက်သည် ဌာနဆိုင်ရာများမှရရှိသောသတင်းအရ တရုတ်ရိုးရာ"မျောက်နှစ်"နှစ်သစ်ကူးပွဲတော်ကာလအတွင်းကူမင်းမြို့ရှိ ဥယျာဉ်ကြီးအသီးသီးတို့သည် ပန်းမန်ရှုစားပွဲ၊ ဘုရားပွဲစသည့် စိတ်ဝင်စားဖွယ်ကောင်းလှသော လှုပ်ရှားမှုများ စီစဉ်ပေးခဲ့ကြောင်း သိရှိရသည်။ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ဥယျာဉ်ဝင်ခွင့်လက်မှတ်ဖိုးအတွက် ၂၀% လျှော့ဈေးဖြင့် ဝယ်ယူနိုင်သည်။ မြို့သူမြို့သားများအား အဝေးခရီးထွက်ရန်မလိုဘဲ ပေါ်များကြွယ်ဝပြီး အကုန်အကျလည်းသက်သာသော နှစ်သစ်ကူးပွဲတော်ကို ကူးစေနိုင်ခဲ့သည်။

မျောက်နှစ်အတွင်း ကူမင်းတိရစ္ဆာန်ဥယျာဉ်ရှိ"အစ်ကိုမျောက်"များသည် ဇာတ်လိုက်များဖြစ်လာတော့သည်။ လောလောဆယ် ယင်းဥယျာဉ်တွင် ယူနန်ရွှေချည်မျောက်၊ ရှဉ့်မျောက်၊ မျောက်မြီးတိုစသည့် မျောက်မျိုး(၁၇)မျိုးရှိသောကြောင့် စည်ကားလှသော မျောက်မိသားစုကြီး ဖြစ်တည်လာသည်။ မျောက်များရှုစားနိုင်သည့်အပြင် ဥယျာဉ်၌ပေါ်များကြွယ်ဝသော နှစ်သစ်ကူးလှုပ်ရှားမှု စီးရီးများကိုလည်း ကျင်းပခဲ့ပြီး "အချစ်ဆပ်ပြာ" ဝယ်ယူခြင်းဖြင့် ယူနန်ရွှေချည်မျောက်ထိန်းသိမ်းရန် ပရဟိတလှုပ်ရှားမှုထဲသို့လည်း ပါဝင်နိုင်သည်။

ကျင်တျန့်ခေါ် ရှုခင်းသာ ဒေသအတွင်း နှစ်စဉ်နှစ်ဆန်း(၉)ရက်နေ့တွင် ကျင်းပလေ့ရှိသော ဘုရားပွဲသည် ယခုထက်တိုင် နှစ်ပေါင်း(၄၀၀)ကျော်ကြာ ဆက်ခံခဲ့ပြီးဖြစ်သည်။ ယခုနှစ်ဘုရားပွဲကျင်းပချိန်မှာ ဖေဖော်ဝါရီ ၈ ရက်မှ ၂၂ ရက်အထိဖြစ်သည်။ ဘုရားပွဲကာလအတွင်း "ကျင်တျန့်ဘုရားပွဲ" ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပြပွဲကိုလည်း ကျင်းပခဲ့သည်။ ပြပွဲတွင် "ကျင်တျန့်ဘုရားပွဲ" ဖြင့် နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ မြို့အဆင့်တို့မှ ရိုးရာ အတတ်ပညာဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်များတွင် ကိုယ်စားပြုလောက်သောဆက်ခံသူများကိုဖိတ်ခေါ်၍ လက်တွေ့ပြသခဲ့ကြသည်။ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ကျင်တျန့်ဥယျာဉ်သည်"လှလှပပနွေဦးမြို့၊ ကျင်တျန့်ကမဲလီယားပန်း Show"(၂၈)ကြိမ်မြောက် ကမဲလီယားပန်းပြပွဲကိုလည်း ဆက်လက်ကျင်းပခဲ့သည်။


မြို့သူမြို့သားများက ထန် ဟွာစီဥယျာဉ်တွင် ပန်းမန်များ၊ ရှုခင်းများကို ရှုစားနေစဉ်၊

ဖေဖော်ဝါရီ ၆ ရက်မှ ၂၉ ရက်အထိ တာ့ကွမ်းဥယျာဉ်တွင် "နှစ်သစ်ကူးပွဲတော် ကျူးလစ်ပန်းပြပွဲ(၂၀၁၆)" စသည့် ပေါ်များကြွယ်ဝလှသော အစီအစဉ်စီးရီးများကို ကျင်းပခြင်းဖြင့် မြို့သူမြို့သားနှင့် ခရီးသည်များအား ကျူးလစ်ပန်းပင်လယ်တွင် စည်စည်ကားကား နှစ်သစ်ကူးစေခဲ့သည်။

နှစ်သစ်ကူးပွဲတော်အတွင်း ဆီးသီးပန်းများရှုစားရန်အချိန်အခါကောင်းဖြစ်သည့်အပြင် ဟဲလုံထန်ဥယျာဉ်သည် "နှစ်သစ်ဆီးသီး ပန်းကဗျာရွတ်ပြိုင်ပွဲ" ကိုကျင်းပခဲ့ပြီး ဆီးသီးပန်းရှုစားရန်နှင့် ဆီးသီးပန်းရွတ်ဆိုရန် ခရီးသည်များကို ဖိတ်ခေါ်လိုက်သည်။ ထူးချွန်သူများအတွက် အံ့ဖွယ်ဆုများဖြင့် ချီးမြှင့်ပေးခဲ့သည်။

ယခုရက်ပိုင်းတွင်(၃)ကြိမ်မြောက် ကူမင်းမြို့ နှစ်သစ်ပန်းမန်ပြပွဲနှင့် (၅)ကြိမ်မြောက် ရှီးဟွာဥယျာဉ်နှစ်သစ်ပန်းမန်ပြပွဲကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ အမျိုးစုံသော ပန်းမန်များကို ပြလည်းပြ၊ ရောင်းလည်းရောင်းသည်။ ယခုအကြိမ် အစီအစဉ်တွင် "ပန်းမန်နှင့်ဘဝ" ကို ခေါင်းစဉ်အဖြစ်ထားပြီး ပြည်သူလူထုများ၏ နေထိုင်မှုဘဝနှင့် နီးစပ်ပြီး မြို့သူမြို့သားများက ကြိုက်နှစ်သက်သောပန်းမန်နှင့် သက်ဆိုင်ရာ ကုန်ပစ္စည်းများကို တင်သွင်းခြင်းအားဖြင့် တံခါးဝရှေ့က ပန်းမန်ဈေးအဖြစ် တည်ဆောက်ခဲ့သည်။

ထန်ဟွာစီဥယျာဉ် (၅)ကြိမ်မြောက် peonies ပန်းမန်ပြပွဲသည် စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ မြို့သူမြို့သားများ၏အနှစ်သက်ခံခဲ့ရသည်။ ဥယျာဉ်အတွင်းတွင် ပန်းအိုး(၆၀၀၀)ကျော်၊ စုစုပေါင်း အရောင်(၇)မျိုး၊ အမျိုးပေါင်း (၂၀)ကျော်သော peoniesပန်းများကို အလှည့်ကျပြသခဲ့သည်။ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ပန်းမန်များရှုစားရန် အချိန်အခါကောင်းဖြစ်သည်။

မြို့သူမြို့သားများသည် ပန်းမန်များကို ရှုစားနိုင်သည်၊ ကြိုက်နှစ်သက်ပါက ဝယ်ယူနိုင်သည်။

ကူမင်းမြို့ပြင်ရှိ ကျောင်းရဲ့ဥယျာဉ်တွင် Prunusပန်းပင် (၁၀၀၀) နီးပါးသည် ဝေဝေဆာဆာဖူးပွင့်ပြီးဖြစ်သည်။ နှစ်ဆန်း ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ဆုတောင်းစာရွက်များချိတ်ခြင်းဖြင့် ဆုတောင်းပွဲအစီအစဉ်ကို ကျင်းပခဲ့သည်။ လွင့်ပျံထားသော ဆုတောင်းစာရွက်များသည် ခရီးသည်များနှင့်တကွ အနာဂတ်ကို မျှော်မှန်းပြီး မျောက်နှစ်ကိုဂုဏ်ပြုကြိုဆိုကြသည်။ ဥယျာဉ်တွင် သေးသွယ်လှပသော potted ရုက္ခပင်များကို ခရီးသည်များ ရွေးချယ်ဝယ်ယူနိုင်ရန် စီစဉ်ပေးခဲ့သည်။ တစ်ချိန်တည်းတွင် ပန်းချီ၊ ကိုယ်တိုင်လုပ်ဆုတောင်းပန်းကတ်စသည့် အစီအစဉ်များကိုလည်း စီစဉ်ပေးခဲ့သည်။

ချွေဟူဥယျာဉ်တွင် အမျိုး(၆)မျိုး၊ အပင်(၄. ၆)သောင်းကျော်သော ကျူးလစ်ပန်းကို စိုက်ပျိုးထားသည်။ တစ်ချိန်တည်းတွင် Daffodils ပန်းပြပွဲကိုလည်း ကျင်းပခဲ့သည်။ မြို့သူမြို့သားများက ပန်းမန်များရှုစားသည့်တစ်ချိန်တည်း စင်ရော်များကိုလည်း ရှုစားနိုင်သည်၊ ကျွေးမွေးနိုင်သည်။



## နယူးယောက် မြို့တွင် မီးရှူးမီးပန်းများလွှတ်ခြင်းဖြင့် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်(မျောက်နှစ်)ကို ဂုဏ်ပြုကြိုဆို

ဖေဖော်ဝါရီ ၆ ရက်တွင် နယူးယောက်မြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးရှေ့ရှိ အမှတ်(၈၄)ဆိပ်ကမ်းတွင် မီးရှူးမီးပန်းများလွှတ်ခြင်းဖြင့် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်(မျောက်နှစ်)ကို ဂုဏ်ပြုကြိုဆိုခဲ့သည်။ အပေါ်ပုံတွင် ဖေဖော်ဝါရီ ၆ ရက်က အမေရိကန်နိုင်ငံနယူးယောက်မြို့ ဟားတယ်ဆင်မြစ်ကမ်းတွင် ရိုက်ကူးခဲ့သော မီးရှူးမီးပန်းများဖြစ်သည်။

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝဂ်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# လာအိုဆန်မွှေးသည် မော်ဟန်းနယ်စပ်ဂိတ်မှ ပထမဦးဆုံးအကြိမ် ပြည်ဝင်ခဲ့

ဇန်နဝါရီ ၁၅ ရက်တွင် လာအိုနိုင်ငံမှ ထုတ်လုပ်ထားသော၊ တန်ချိန်(၃၀)ရှိသော၊ ဒေါ်လာ(၂. ၅၇)သောင်းတန်ဖိုးရှိသော အော်ဂဲနစ်ဆန်မွှေးတစ်သုတ်သည် မော်ဟန်းနယ်စပ်ဂိတ်မှ ချောမောစွာ ပြည်ဝင်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအရည်အသွေးကြီးကြပ်စစ်ဆေးရေး ရောဂါကာကွယ်ရေးဌာနချုပ်မှ ထုတ်ပြန်ချက်အမှတ်(၁၂၉)ကို ထုတ်ပြန်ပြီးသည့်နောက် လာအိုဆန်မွှေးများကို ပုံမှန်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပထမဆုံးအကြိမ် ကုန်းလမ်းနယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ တင်သွင်းလာသည်ကို လက္ခဏာဆောင်လိုက်သည်။

စုံစမ်းမေးမြန်းခြင်းအရ ယင်းဆန်မွှေးများကို ဇန်နဝါရီ၂၁ရက်က ချန်ဆားမြို့၌ ကျင်းပသော “တစ်ဇုန်တစ်လမ်း” တရုတ်-လာအို စားနပ်ရိက္ခာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ရလဒ်ပြပွဲနှင့် လာအိုဆန်များ တရုတ်နိုင်ငံ၌ စတင်ရောင်းချပွဲအခမ်းအနားအတွက် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ ယင်းလာအိုဆန်မွှေးများကို အောင်မြင်စွာတင်ပို့နိုင်ရန် မုန်လာ့ပြည်ဝင်ပြည်ထွက်ရန် ကုန်ပစ္စည်းများစစ်ဆေးရေးရောဂါကာကွယ်ရေးဌာနသည် သွင်းကုန်လုပ်ငန်းများအား အဆင်ပြေလွယ်ကူစွာ ဂိတ်ဖြတ်နိုင်ရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သည်။ အရည်အသွေးစစ်ဆေးရေးဌာနချုပ်၏ သက်ဆိုင်ရာသတ်မှတ်ချက်များ၊ လိုအပ်သမျှ စာရွက်စာတမ်းများကို အချိန်မီ အကြောင်းကြားပေးသည့်တစ်ချိန်တည်း စီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာကြိုတင်ပြင်ဆင်ချက်များကိုလည်း လုပ်ဆောင်စေခဲ့သည်။ ယင်းဌာနသည်“၅+၂”အလုပ်စနစ်၊ (၂၄)နာရီ အချိန်မရွေး ကြိုတင်ချိန်းဆို၍တင်ပြစစ်ဆေးခြင်းနှင့် ရုံးပိတ်ရက်ပုံမှန်စစ်ဆေးခြင်းစသည့်ဝန်ဆောင်မှုပေးပြီး ကုန်ပစ္စည်းများ နယ်စပ်ဂိတ်တွင် ရပ်နားရန်အချိန်ကို တတ်နိုင်သမျှ လျှော့ပေါ့ပေးခဲ့သည်။ ကုန်ပစ္စည်းများ နယ်စပ်ဂိတ်သို့ရောက်ရှိပြီးနောက် ယင်းဌာနသည် ဝန်ထမ်းများကို အချိန်မီစေလွှတ်၍ ကွင်းဆင်းစစ်ဆေးစေပြီး နမူနာပစ္စည်းများကို အချိန်မီစစ်ဆေးနိုင်ရန် ပို့ပေးခဲ့သည်။ စစ်ဆေးခြင်းအားဖြင့် ယင်းဆန်မွှေးများသည် တရုတ်နိုင်ငံတော်၏ အရည်အသွေး စစ်ဆေးရေးရောဂါကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီသောကြောင့် တင်သွင်းခွင့်ပြုခဲ့သည်။ သတင်းထောက် - ဝူဖင်




**လာအိုဆန်မွှေးကို တွေ့ရစဉ်။**

# ယူနန်ထုတ်ကော်ဖီသည် နိုင်ငံခြားငွေ ဒေါ်လာသန်း(၄၀၀)ကျော်ရရှိ

ယူနန်ပြည်နယ်ထုတ်ကော်ဖီသည် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း(၄၀၀)ကျော်ရရှိခဲ့၍ တရုတ်နိုင်ငံကော်ဖီတင်ပို့မှုမှရရှိသော နိုင်ငံခြားငွေစုစုပေါင်း၏ ၈၀% ပါဝင်ပြီး ယမန်နှစ် အလားတူကာလကထက် တစ်ဆနီးပါးတိုးတက်လာသောကြောင့် ယူနန်ကော်ဖီစိုက်ပျိုးသူများအတွက် ထိရောက်စွာ ဝင်ငွေတိုးစေခဲ့ကြောင်း ယခုရက်ပိုင်းက ယူနန်ပြည်နယ်ကော်ဖီလုပ်ငန်းအသင်းမှ ရရှိသော သတင်းအရ သိရှိရသည်။

“ကုမ္ပဏီဘက်က ကျွန်တော်တို့အတွက် အနိမ့်ဆုံးဝယ်ယူရန်ကာကွယ်ဈေးကို သတ်မှတ်ပေးခဲ့တယ်။ ဒီနှစ်အတွင်းဈေးကွက်မှာ ကော်ဖီအသီးစိမ်းရဲ့ဝယ်ဈေးဟာ တစ်ကီလိုဂရမ်ကို (၂)ယွမ်ဖြစ်ပေမဲ့ ကုမ္ပဏီဘက်ကကျွန်တော်တို့ကိုပေးခဲ့တဲ့ဝယ်ဈေးမှာ တစ်ကီလိုဂရမ်ကို(၂. ၅)ယွမ်ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကျွန်တော့်အိမ်ထောင်ရဲ့ကော်ဖီဝင်ငွေမှာ (၁. ၈)သိန်းအထိ ရောက်ရှိနိုင်ပါတယ်”ဟု မန်စီမြို့ဖုံးဖင်မြို့နယ် ကော်ဖီစိုက်တောင်သူ ပန်ဆောင်ကော်က သတင်းထောက်အား ထိုသို့ပြောပြသည်။



**ယူနန်ကော်ဖီကို တွေ့ရစဉ်။**

ယမန်နှစ်တွင် “ယူနန်-ရှင်းကျန်း-ဥရောပ”နှင့်“ချုံချင်း-ရှင်းကျန်း-ဥရောပ” ဖြစ်ကြသော တရုတ်-ဥရောပနိုင်ငံတကာကုန်တင်ရထားများ၏ ရှေ့ဆင့်နောက်ဆင့်ဖွင့်လှစ်ပြေဆွဲခြင်းသည် ယူနန်ထုတ်ကော်ဖီများ၏ တင်ပို့မှုအတွက် ရေလမ်း၊ ကုန်းလမ်းနှစ်လမ်းစလုံးဖြင့် ပို့ဆောင်ခြင်းကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့သည်။ ယူနန်ထုတ်ကော်ဖီကုန်သွယ်မှုပမာဏကို တဟုန်ထိုးတိုးတက်စေပြီး ယူနန်ထုတ်ကော်ဖီမှတစ်ဆင့် တစ်နှစ်တာကာလအတွင်းရရှိသော နိုင်ငံခြားငွေပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း (၄၀၀)ကျော် ဖော်ဆောင်နိုင်ခဲ့သည်။

စုံစမ်းမေးမြန်းခြင်းအရ တင်ပို့မှုပမာဏပိုမိုတိုးချဲ့နိုင်ရန်နှင့် ကော်ဖီစိုက်သူများ၏ ဝင်ငွေပိုမိုတိုးမြှင့်နိုင်ရန် ယခုနှစ်အတွင်း ပြည်တွင်းကုန်သွယ်မှုဘက်တွင် ယူနန်ကော်ဖီလုပ်ငန်း အသင်းသည် ချုံချင်းမြို့ရှိအချို့သော စီးပွားရေးလုပ်ငန်းများနှင့်ပူးပေါင်း၍ ကော်ဖီစက်ရုံများကို တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ပြည်ပကုန်သွယ်မှုဘက်တွင် မကြာမီ ဗီယက်နမ်နိုင်ငံ၌ စက်ရုံများတည်ဆောက်မည့်အပြင် ကော်ဖီစိုက်ပျိုးရေးစခန်းများတွင် ကော်ဖီစိုက်ဧရိယာတိုးချဲ့နိုင်ရန် လာအိုနိုင်ငံ ချောင်စိန်တာကုမ္ပဏီကို ထောက်ခံသွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဗီယက်ကျင်းမြို့တွင် ကော်ဖီအချောကိုင်ထုတ်လုပ်မှုစက်ရုံတစ်ရုံကို လာအိုချောင်စိန်တာကုမ္ပဏီနှင့် အခြားသော စီးပွားရေးလုပ်ငန်းများနှင့် လက်တွဲတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် တစ်နှစ်လျှင်တန်ချိန်(၁)သောင်း ထုတ်လုပ်နိုင်သော ကော်ဖီစက်ရုံတစ်ရုံနှင့် စိုက်ဧရိယာတရုတ်မို(၁)သောင်းကျယ်ဝန်းသော ကော်ဖီ၊ သံပရာ၊ အခွံမာအသီးများကို သီးညှပ်စိုက်ပျိုးသော၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသော စိုက်ပျိုးရေးစီမံကိန်းတစ်ရပ်ကို တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ယူနန်တာ့ကွမ်ဖူဟွေ့ ကုမ္ပဏီလီမိတက်တို့နှင့်အတူ တည်ဆောက်သွားမည်ဖြစ်ပြီးမြန်မာ့ကော်ဖီစိုက်သူများအား ဝင်ငွေလည်းတိုး၊ ယူနန်ရှိကော်ဖီလုပ်ငန်းများအား နိုင်ငံခြားငွေရရှိစေရန်နှင့်ယူနန်ကော်ဖီလုပ်ငန်းများအား မဟာမဲခေါင်ဒေသခွဲ နိုင်ငံများမှတစ်ဆင့် ပိုမိုကြီးမားသော နိုင်ငံတကာဈေးကွက်သို့ လျှောက်လှမ်းသွားရန်အတွက် ညီစင်များကိုလည်း ခင်းကျင်းပေးမည်ဖြစ်ကြောင်း သိရှိရသည်။ သတင်းထောက် - ဝူဖင်

# နယ်စပ်တွင် တရုတ်နှစ်သစ်ကူး ပွဲတော်ကာလအတွင်း ကြိတ်ကြိတ်တိုးစည်ကား

နှစ်ဆန်း(၄)ရက်နေ့ နံနက်စောစောပိုင်းတွင် လုံချွမ်းခရိုင် ကျန်းဖုံနယ်စပ်ဂိတ်ရှိ လားယင်ဝင်/ထွက်ပေါက်ရှေ့တွင် ကြိတ်ကြိတ်တိုး စည်ကားလာတော့သည်။ မနည်းလှသော မြန်မာနိုင်ငံ စီးပွားရှင်များက ပြည်ဝင်ပြီး လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် ဒေသထွက်ကုန်များကို ရောင်းချကြသည်။ ကားခရီး(၁)နာရီနီးပါး ကွာဝေးသော ရွှေလီနယ်စပ်ဂိတ်ရှေ့တွင်မူ နယ်စပ်ရှုခင်းများကို လာရောက်ခံစားကြသော ပြည်တွင်းခရီးသည်များသည် ကြိတ်ကြိတ်တိုးအောင် စည်ကားလှသည်။ ၄င်းတို့သည် အမှတ်တရဓာတ်ပုံများရိုက်ခြင်းမှတစ်မျိုး၊ သစ်သားထုတ်ပစ္စည်း၊ ကျောက်မျက်ရတနာ၊ အခွန်လွတ်ကုန်ပစ္စည်းများဝယ်ခြင်းမှတစ်ဖုံ အလုပ်များကြသည်။ နှစ်သစ်ကူးပွဲတော်ကာလအတွင်း တယ်ဟုန်နယ်စပ်ခရီးစဉ်သည် အကြိုက်များသော ခရီးစဉ်ဖြစ်လာတော့သည်။ တိုင်းရင်းသားအမျိုးစုံသော၊ ပုံစံအမျိုးမျိုးသော နယ်စပ်ရှုခင်းများသည် တရုတ်နှစ်သစ်ကူးပွဲတော်၏ ဓလေ့ထုံးစံနှင့်ရောယှက်၍ ရောက်ရှိလာကြသော ခရီးသည်များကိုအားကျစေပြီး ပြန်ရန်ပင်မေ့စေတော့သည်။

ဝဝလင်လင်ပြည့်ပြည့်စုံစုံစားသောက်ပြီးသည့်နောက် တိုင်းရင်းသား လူနည်းစုများ၏ ယဉ်ကျေးမှုနှင့် ရှုခင်းများသည် ခရီးသည်များအား ယင်းအထဲသို့ မူးယိုင်စေတော့သည်။ ရွှေလီမြို့တွင် တစ်ရွာနှစ်နိုင်ငံ၊ မော်လီရေတံခွန်၊ သစ်ပင်တစ်ပင်တည်းဖြစ်တည်လာသော သစ်တောစသည့်ရှုခင်းများသည် မနည်းလှသော အိမ်ထောင်စုခရီးသည်၊ သား(သမီး)အဖ(အမိ)ခရီးသည်များကို ဆွဲဆောင်ခဲ့ကြသည်။ အိမ်မပြန်မီ ကျောက်စိမ်းဆွဲသီး၊ လက်မှုသစ်သားပစ္စည်း၊ မြန်မာ့စားသောက်ကုန်များကိုဝယ်ယူခြင်းမှာ စိတ်ဝင်စားဘွယ်ကောင်းပြီး ဒေသထူးခြားချက်လည်းပါရှိသည်။ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ယင်ကျန်းခရိုင်စူးတျန့်ကျေးရွာအုပ်စုရှိ မုန်ဖီလီဆူယဉ်ကျေးမှုရွာတွင် ခေါ့ရှိပွဲတော်ကိုလည်းကောင်း၊ စီးမစ်ဝါတီကျေးရွာအုပ်စုတွင် ကျေးလက်ခရီးသွား ဂီတပွဲတော်ကိုလည်းကောင်း အသီးသီးကျင်းပခဲ့သည်။ နေ့ပိုင်းတွင် လီဆူတိုင်းရင်းသား ဓလေ့ထုံးစံများ၊ လယ်ယာစိုက်ပျိုးရေးယဉ်ကျေးမှုများ၊ ဓါးတောင်တက်မီးပင်လယ်ဆင်းအစီအစဉ်၊ ဟွမ်ချောင်ပါဒေသရှိရှုခင်းများကို ရှုစားနိုင်သည်။ ညပိုင်းတွင်မူ ရွက်ဖျင်တဲဟိုတယ်၌တည်းခို၍ ကြယ်တာရာအောက်တွင် တမူးထူးခြားသော နှစ်သစ်ကို ကူးနိုင်သည်။

သတင်းထောက် - တွန့်ရှောင်ရွှေ

# ရိုးရာယဉ်ကျေးမှုများသည် ယူနန်ပြည်နယ်ခရီးသွားလုပ်ငန်း အသွင်ကူးပြောင်းရေးအဆင့်မြှင့်တင်ရေးအတွက် တွန်းအားပေး



လွန်ခဲ့သည့်နှစ်များအတွင်းများပြားလှသော ယူနန်၏ ရိုးရာယဉ်ကျေးမှု၊ တိုင်းရင်းသား အနုပညာလက်ရာပစ္စည်းများသည် ခရီးသွားလုပ်ငန်းများနှင့်ပေါင်းစပ်၍ တိုးတက်လျက်ရှိနေသည်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့်သမိုင်းယဉ်ကျေးမှုများကို ထွန်းကားဆက်ခံနေသည့် တစ်ချိန်တည်း သမားရိုးကျခရီးသွားလုပ်ငန်းကို ဆက်တိုက်ဖွံ့ဖြိုးတိုးတက်စေသော ယဉ်ကျေးမှု ခရီးသွားလုပ်ငန်းအဖြစ်အသွင်ကူးပြောင်းပြီး အဆင့်မြှင့်တင်လာသေးသည်။ ယူနန်ပြည်နယ်သည် ခရီးသွားပြည်နယ်ကြီးတစ်ပြည်နယ်အဖြစ် ပေါများကြွယ်ဝသော တိုင်းရင်းသားယဉ်ကျေးမှုအရင်းအမြစ်များကို ပိုင်ဆိုင်ထားသည်။ များပြားလှသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၊ တိုင်းရင်းသားရိုးရာ-လေ့ထုံးစံ၊ လက်မှုအနုပညာပစ္စည်းစသည့်သမိုင်းဝင်သော ယဉ်ကျေးမှုအရင်းအမြစ်များကိုလည်း ပိုင်ဆိုင်လျက်ရှိသည်။

မျိုးစုံမျိုးကွဲ တိုင်းရင်းသားလူနည်းစုများ၏ ရိုးရာဓလေ့များကို ပြသနိုင်သော ညီစင်အဖြစ်ယူနန်ပြည်နယ်သည် တမူထူးခြားသော နည်းလမ်းဖြင့် ရိုးရာဓလေ့နှင့် ခရီးသွားယဉ်ကျေးမှုတို့ကို ပေါင်းစပ်၍ ဖွံ့ဖြိုးတိုးတက်စေပြီး ခရီးသွားများအတွက် ကျေးလက်ယဉ်ကျေးမှုများ၊ တိုင်းရင်းသားယဉ်ကျေးမှုများ၊ သမိုင်းဦးယဉ်ကျေးမှုများ၊ သမိုင်းယဉ်ကျေးမှုများကိုပြသပေးနိုင်ခဲ့သည်။"(၁၂)ခုမြောက် (၅)နှစ်စီမံကိန်း" ကာလအတွင်း တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်များကို အလေးပေးရန် စီမံကိန်းအဖြစ်ဖော်ထုတ်ဆက်ခံနိုင်ခဲ့သည်။

## ပြောင်းလဲခြင်း

### ခရီးသွားလုပ်ငန်းသည်၎င်းတို့အတွက် ချမ်းမြေ့သာယာသောဘဝကိုဖန်တီးပေးခဲ့

သတင်းထောက်၏ စုံစမ်းမေးမြန်းခြင်းအရ လွန်ခဲ့သည့်နှစ်များအတွင်း ယူနန်ပြည်နယ် ပါတီကော်မတီ၊ ပြည်နယ်အစိုးရ၊ အစိုးရဌာန အဆင့်ဆင့်တို့သည် ယူနန်ပြည်နယ်တွင်သာပိုင်ဆိုင်ထားသော တိုင်းရင်းသားယဉ်ကျေးမှုများကို ခရီးသွားလုပ်ငန်းနှင့် ပေါင်းစပ်ထားကြောင်းသိရှိရသည်။ ယူနန်တိုင်းရင်းရွာသည် တမူထူးခြားသော ပြသရန်ညီစင်တစ်ခုပင်ဖြစ်ပါသည်။

ရွာတွင် တိုင်းရင်းသားလူနည်းစုအသီးသီးတို့မှ အနုပညာသမားများကို စုစည်းလျက်ရှိပြီး ပြည်တွင်းပြည်ပမှ ခရီးသွားများအား ဝင်လာမစဲတသဲသဲဖြစ်အောင် ဆွဲဆောင်လျက်ရှိသည်။ သတင်းထောက်သည် ယင်းရှုခင်းသာဒေသသို့ သွားရောက်၍ ဟားနီတိုင်းရင်းသား၊ ဖုမိတိုင်းရင်းသား၊ အားချမ်းတိုင်းရင်းသားတို့မှ အနုပညာသမားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်းတို့သည် တူညီသော အမြင်တစ်ရပ်ကို ဖော်ပြခဲ့ကြသည်။ ဤသည်မှာ တိုင်းရင်းရွာသို့ ရောက်ရှိလာပြီးနောက် အောင်မြင်မှုများစွာရရှိခဲ့ကြောင်း၊ တိုင်းရင်းရွာသည် ၎င်းတို့အတွက် တိုင်းရင်းသားယဉ်ကျေးမှုများပြသနိုင်သော ညီစင်ကို ဖန်တီးပေးခဲ့ကြောင်း၊ ဘာမျှမသိမတတ်သော ရွာသားကလေးတစ်ဦးမှ ယခုတူရိယာ၊ အက၊ အခမ်းအနားမှူးစသည့် အတတ်ပညာများကို တတ်မြောက်နိုင်သည့် လူချွန်လူကောင်းများအဖြစ် ကြီးပြင်းလာခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

ယုံမှားသွယ်မလိုသည်မှာ အသင့်အတင့်ရှိသော အဆင့်အတန်းတွင် အရပ်ပိုင်းရှိ ရိုးရာဓလေ့ထုံးစံများမှ ခရီးသွားလုပ်ငန်းနှင့် ပေါင်းစပ်ခြင်းသည် လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သူမြို့သားများ၏ဘဝတို့ကို အသင့်အတင့်ပြောင်းလဲစေနိုင်သည်။ ယင်းနှစ်မျိုးစလုံးသည် ဖွံ့ဖြိုးတိုးတက်ရာတွင် အပြန်အလှန်တွန်းအားပေးနိုင်သော ဓာတ်ကူဖြစ်လာပြီး ပြည်သူလူထုများ၏ နေထိုင်မှုဘဝပြဿနာများကို အသင့်အတင့် ဖြေရှင်းပေးနိုင်သည်။ နှိုင်းယှဉ်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်းသည် တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများ၏ အားသာချက်လုပ်ငန်းဖြစ်ရုံသာမက ၎င်း၏ဆွဲငင်အားကောင်းသော ထူးခြားချက်သည် တိုင်းရင်းသားဒေသများတွင်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် တွန်းအားပေးနိုင်သည်မှာ အစားထိုး၍မရသော အခန်းထဲ ပါဝင်နေသည်ကို တွေ့ရှိရသည်။

## တွန်းအားပေးခြင်း

### ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းချင်းပေါင်းစပ်ထားခြင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုတိုးမြှင့်နိုင်

ယမန်နှစ်နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ယူနန်ပြည်နယ်အစိုးရယဉ်ကျေးမှုဦးစီးဌာနနှင့် ယူနန်ပြည်နယ်တိုင်းရင်းသားရေးရာ ကော်မတီတို့သည် ဟုန်ဟော်ပြည်နယ်ခွဲ၏ မြို့တော်ဖြစ်သည့် မုံကျိုမြို့တွင် "(၉)ကြိမ်မြောက် ယူနန်ပြည်နယ်တိုင်းရင်းသားများအဆို၊ အက၊ အတီးပြပွဲ" ကျင်းပခဲ့သည်။ တစ်ပြည်နယ်လုံးရှိ ပြည်နယ်ခွဲ(မြို့)(၁၆)ခု၊ ယူနန်အလယ်ပိုင်း ကုန်ထုတ်လုပ်ငန်းဇုန်သစ်နှင့် ယူနန်ပြည်နယ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဆက်ခံရေးစခန်း၊ ကူမင်းမြို့ တျန်းချီကန်တော်ကြီး အမျိုးသားခရီးသွား အပန်းဖြေဇုန်မှ ယူနန်တိုင်းရင်းရွာတို့မှ ဖွဲ့စည်းထားသော ကိုယ်စားလှယ်အဖွဲ့(၁၈)ဖွဲ့၊ တိုင်းရင်းသားလူမျိုး(၂၀)မျိုး၊ အမွေဆက်ခံသူ၊ အရပ်ပိုင်း အနုပညာသမား၊ လူငယ်သရုပ်ဆောင်စုစုပေါင်း (၁၄၄၀)ဦးတို့က ပါဝင်တက်ရောက်ခဲ့သည်။

အရပ်ဘက်တွင် အခြေစိုက်၍ တိုင်းရင်းသားရသသင်းပျံ့ပြီး မူလပုံစံအတိုင်းဖော်ပြပေးသော အရပ်ပိုင်းနှင့် တိုင်းရင်းသားအဆို၊ အက၊ အတီးအစီအစဉ်(၇၃)ခုတို့ကို အသီးသီး တင်ဆက်ပြသခဲ့သည်။

ယူနန်ပြည်နယ် ခရီးသွားလုပ်ငန်းအသွင်ကူးပြောင်းရေးနှင့် အဆင့်မြှင့်တင်ရေး(၃)နှစ်တာစီမံကိန်း၏ ဆန္ဒခံယူစာတွင် တစ်ပြည်နယ်လုံးရှိ ခရီးသွားလုပ်ငန်း အသွင်ကူးပြောင်းရေးအဆင့်မြှင့်တင်ရေးအတွက် အလေးထားရန်တာဝန်များကို တင်ပြခဲ့သည်။ ယင်းတာဝန်များအနက် ယဉ်ကျေးမှုခရီးသွားအမှတ်တံဆိပ်များ မွေးထုတ်ပျိုးထောင်ခြင်းကို အဓိကထားပြီး ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းတို့ကို ပိုမို လေးနက်စွာပေါင်းစပ်စေကာ ယဉ်ကျေးမှုဥယျာဉ်၊ ခရီးသွားနှင့် ရုပ်ရှင်ရိုက်ကူးရေးစခန်း၊ ယဉ်ကျေးမှု ဆန်းသစ်တီထွင်ရေးဇုန်စသည့် အသွင်သစ်ဖြစ်သော လုပ်ငန်းတစ်သုတ်ကို မွေးထုတ်ပျိုးထောင်သွားမည်ဖြစ်သည်။ ယင်းတာဝန်များအရ သမိုင်းယဉ်ကျေးမှု ခရီးသွားစီမံကိန်း(၁၀)ရပ်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရှန်ဂရီလာစသည့် တိုင်းရင်းသားယဉ်ကျေးမှု ခရီးသွားအမှတ်တံဆိပ်နှင့် သင်္ကြန်ပွဲတော်စသည့် တိုင်းရင်းသားရိုးရာပွဲတော်အမှတ်တံဆိပ်များကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း၊《ယူနန်ပုံရိပ်》စသည့် အနှစ်သာရကျသော အနုပညာအစီအစဉ် အမှတ်တံဆိပ်နှင့် တိုင်းရင်းသားယဉ်ကျေးမှု ကုန်ပစ္စည်းအမှတ်တံဆိပ်များကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုခရီးသွား ကုန်ထုတ်လုပ်ငန်းဇုန်(၁၀)ခုနှင့်အထက် စီမံတည်ဆောက်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားယဉ်ကျေးမှု အပန်းဖြေရပ်ကွက်(၂၀)ခုနှင့်အထက် တည်ဆောက်မည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ထိပ်တန်းကျသောပွဲတော်ထွက်ကုန်အမှတ်တံဆိပ်(၅-၁၀)ခု၊ ကမ္ဘာတွင်နာမည်ကျော်ကြားပြီး ပြည်တွင်းတွင်ထိပ်တန်းကျသော ခရီးသွားအနုပညာအစီအစဉ်အမှတ်တံဆိပ်(၁၀-၁၅)ခုတို့ကို အလေးထားမွေးထုတ် ပျိုးထောင်ခြင်းဖြင့် တစ်ပြည်နယ်လုံး၏ ယဉ်ကျေးမှုခရီးသွားထွက်ကုန်များကို ရှုခင်းရှုစားခြင်းမှ အထွေထွေခံစားခြင်းသို့ ပြောင်းလဲစေရန် တွန်းအားပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

## ထိတွေ့ခြင်း

### အရပ်ပိုင်းရိုးရာဓလေ့များကို ယဉ်ကျေးမှုခရီးသွားရေးတစ်မျိုးအဖြစ် အဆင့်မြှင့်တင်

မျက်မှောက်ခေတ်တွင် သမိုင်းအကြွင်းအကျန်၊ လူမှုရေးယဉ်ကျေးမှုရှုခင်း၊ တိုင်းရင်းသားရိုးရာဓလေ့ထုံးစံစသည့် ယဉ်ကျေးမှုအရင်းအမြစ်များသည် ခရီးသွားလုပ်ငန်း၏ အရေးပါသော အရင်းအမြစ်များ ဖြစ်လာသည်။ ခရီးသွားလုပ်ငန်းသည် တိုင်းရင်းသားယဉ်ကျေးမှုကာကွယ်ရန်နှင့် ဆက်ခံရန်အတွက် မြှင့်တင်ပေးနိုင်သည်။ တိုင်းရင်းသားယဉ်ကျေးမှုမှာမူ ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် သက်ဝင်လှုပ်ရှားလာနိုင်သည်။ ယဉ်ကျေးမှုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်နိုင်မည့်အခန်းမှာ ထင်ရှားသထက်ထင်ရှားလာနေသည်။

ခရီးသွားခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဆောင်မှုတစ်နေ့တစ်ခြားကြီးမားလာနေသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ တိုင်းရင်းသားလူနည်းစုများနေထိုင်ရာဒေသများတွင် တိုင်းရင်းသားယဉ်ကျေးမှု အရင်းအမြစ်အားသာချက်များသည် နယ်ခံဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားသာချက်အဖြစ် တစတစ ပြောင်းလဲလာနေသည်။ တာဝန်ရှိသူ ဖန်တယ်ဟွာ၏ မိတ်ဆက်ခြင်းအရ တရုတ်နိုင်ငံတွင် ခရီးသွားလုပ်ငန်း၏ အဆင့်အတန်းသည် တစ်နေ့တစ်ခြားမြင့်မားလာနေကြောင်း၊ နှစ်စဉ်လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပမှ ခရီးသွားအရေအတွက်သည်လည်း တစ်နေ့တစ်ခြားတိုးတက်လာနေကြောင်း၊ သို့သော် ခေတ်တိုင်းတွင် ခရီးသွားများ၏ လိုအပ်ချက်များသည် ကွာခြားတတ်ကြောင်း၊ ထို့ကြောင့် မည်သည့်ရှုခင်းသာဒေသတစ်ခု (သို့မဟုတ်)ခရီးသွားလောကမှပုဂ္ဂိုလ်တစ်ဦးမဆို အရပ်ပိုင်းမှ ရိုးရာဓလေ့များဖြင့် ခရီးသွားလုပ်ငန်းနှင့် အမှန်တကယ် ပေါင်းစပ်လိုပါက ခရီးသွားများ၏ ပါဝင်မှုနှုန်းကိုမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တိုင်းရင်းသားလူနည်းစုများ၏ ရှောင်ကင်းချက်များကို မချိုးဖျက်စေရန် အထူးသတိပြုရမည်ဖြစ်ကြောင်း၊ ရောက်ရှိလာကြသောခရီးသွားများအတွက် ဆံထုံးမတတ်လျှင်ရွာဓလေ့ဟူသော ခံစားချက်များကို ဖန်တီးပေးရမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းထောက်-လျူစိုက်ကျောင်၊ ဝမ်ဟုန်မေ

အထူးကဏ္ဍ

# နိုင်ငံခြားသားမိတ်ဆွေများ၏ ''ယူနန်အိပ်မက်''

သာယာသောရာသီဥတု၊ ခံတွင်းတွေ့သောစားကောင်းသောက်ဖွယ်၊ တမူထူးခြားသောရိုးရာဓလေ့ . . . ယင်းသည် များပြားလှသောနိုင်ငံခြားသားမိတ်ဆွေများက ယူနန်ပြည်နယ်ကို ကြိုက်နှစ်သက်ရသောအကြောင်းပြချက်ပင်ဖြစ်သည်။ "တစ်ဇုန်တစ်လမ်း"မဟာဗျူဟာစီမံကိန်းကို မျှော်မှန်းချက်မှ လက်တွေ့ဖော်ဆောင်ချက်အဖြစ် ပြောင်းလဲလာသည်နှင့်အမျှ ယူနန်သည် တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသောဖြာထွက်မှုစင်တာကိုတည်ဆောက်နေဆဲဖြစ်သည်။ များသထက်များလာသောနိုင်ငံခြားသားမိတ်ဆွေများသည် ယူနန်ပြည်နယ်အတွက်အရိပ်အရောင်လျှပ်သန်းသွားသကဲ့သို့သောခရီးသွားပုံစံများဖြင့် ရောင့်ရဲနိုင်မှာ မဟုတ်တော့ပါ။ များပြားလှသော နိုင်ငံခြားသားမိတ်ဆွေများက ယူနန်ပြည်နယ်တွင် လုပ်ငန်းလုပ်ကိုင်၍ စီးပွားရှာခြင်းကို ရွေးချယ်ပြီး ယူနန်ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရန်အခွင့်အလမ်းကို အတူတကွ ခံစားလာတော့သည်။

လမ်းကြီးလမ်းငယ်များတွင် နိုင်ငံခြားစားသောက်ဆိုင်မှာ များသထက်များလာနေသည်၊ စာသင်ကျောင်းတွင် နိုင်ငံခြားသားဆရာတို့က များသထက်များလာနေသည်၊ စီးပွားရေးအဆောင်တွင် နိုင်ငံခြားလုပ်ငန်းသည် များသထက်များလာနေသည် . . . ၎င်းတို့သည် ထွန်းပြောင် မြင့်မြတ်သောမျှော်မှန်းချက်ဆန္ဒများဖြင့် ယူနန်ပြည်နယ်တွင် အခြေချ၍ လုပ်ငန်းလုပ်ကိုင်ကြတော့သည်။ အစက ယူနန်ပြည်နယ်သို့ ရောက်ရှိလာသော အကြောင်းအရင်းသည် များစွာကွဲပြားခြားနားသော်လည်း ယင်းနိုင်ငံခြားသားများဖြစ်ကြသည့်အိပ်မက်လိုက်လံသူများသည် ယူနန်ပြည်နယ်၏တစ်နေ့တစ်ခြားတိုးတက်ပြောင်းလဲရေးအကြားတွင် နေကြပြီး မိမိ၏လုံးပမ်းမှုဖြင့် တရုတ်အိပ်မက်၏ယူနန်အခန်းကဏ္ဍအတွက် မတူထူးခြားသောအရောင်နှင့် အနှစ်



သာရများကို တိုးများပေးနိုင်ခဲ့သည်။ ထို့ပြင် ယင်း"အများပြည်သူလုပ်ငန်းလုပ်ကိုင်ရန်၊ အများပြည်သူဆန်းသစ်တီထွင်ရန်" ဖြစ်သောခေတ်ကာလတွင် အိပ်မက်လိုက်လံသူလည်းဖြစ်ကြသည့် ၎င်းတို့၏ပုံပြင်များမှာ ကျွန်တော်တို့အတွက် ဉာဏ်ဖွင့်ပေးနိုင်မည်ဖြစ်သည်။

# ကော်အန်းရှင်း - ယူနန်ပြည်နယ်၌ စိတ်ချထား

"ရှောင်တခင်တစ်ခါခရီးသွားရာမှာ ကျွန်တော်ဟာ ယူနန်ပြည်နယ်နဲ့ 'တွေ့'ရတယ်။ 'သူမ'ကြောင့် ကျွန်တော့်ကိုတရုတ်နိုင်ငံမှာလက်အောက်ခံအဖြစ်ထားတဲ့ခံစားချက်မျိုးကို ရှာရစေပါတယ်" ဟုဂျာမဏီနိုင်ငံမှ ရောက်ရှိလာသော ကော်အန်းရှင်းက ယူနန်ပြည်နယ်ကို စင်ကြယ်မြင့်မြတ်သောအပျိုမလေးတစ်ဦးအဖြစ် တင်စားလိုက်ပြီး လှပလွန်းသဖြင့် နှိုင်းယှဉ်ရန်အရာပင်မရှိပါ။ ထိုအချိန်မှစ၍ ၎င်းက ဤနေရာတွင် အခြေချနေထိုင်ရန် စိတ်ဆန္ဒပေါ်ပေါက်လာတော့သည်။ ၂၀၁၀ ခုနှစ်တွင် ကော်အန်းရှင်းသည် ယူနန်မိတ်ဆွေတစ်ဦး၏ဖိတ်ကြားချက်ကိုလက်ခံ၍ ကူမင်းမြို့သို့ ရောက်ရှိလာပြီး TCG နော်တီခါယဉ်ကျေးမှုစင်တာကို အကူအညီပေး၍ စီမံခန့်ခွဲပေးခဲ့သည်။ ယခုထက်တိုင်(၆)နှစ်တာကာလအတွင်း ကော်အန်းရှင်းသည် ယူနန်တွင် စိတ်ချထား၍ အရှေ့တိုင်း၊ အနောက်တိုင်းယဉ်ကျေးမှုချင်းဖလှယ်ရေးကို အပျော်တပါးခံစားလာတော့သည်။ လုပ်ငန်းကိုလည်း ကောင်းမွန်စွာလုပ်ဆောင်ပေးလိုက်သည်။

ကော်အန်းရှင်းနှင့် ပထမဆုံးအကြိမ်တွေ့ရခြင်းမှာ ဇန်နဝါရီလ ၆ ရက်နေ့ ညနေပိုင်းက ကူမင်းမြို့ရှိ TCG နော်တီခါပန်းချီပြခန်းအတွင်းပင်ဖြစ်သည်။ ယင်းပန်းချီပြခန်းသည် စက်ရုံဟောင်းတစ်ရုံကို နိုင်ငံတကာအနုပညာပန်းချီပြခန်းနှင့် ယဉ်ကျေးမှုစင်တာအဖြစ်ပြုပြင်ထားခြင်းဖြစ်သည်။ အနီးတစ်ဝိုက်မှ ငြိမ်သက်သောအခြေအနေနှင့် နှိုင်းယှဉ်၍ သိသာထင်ရှားလှသည်မှာ ပန်းချီပြခန်းတွင် နွေဦးသစ်စသာယာကြည်နူးလှသည်။ စည်ကားလှသောနှစ်သစ်ကူးဈေးပွဲတော်၊ ကြိတ်ကြိတ်တိုးနေသောလူအုပ်နှင့် မြောက်ဥရောပနိုင်ငံများမှရောက်ရှိလာသော အနုပညာရှင်များ၏ ပန်းချီကားများကြောင့် ယင်းဟောင်းနွမ်းသောအဆောက်အအုံအား "အံ့သြခြင်းနှင့်ဝမ်းသာခြင်း"တို့ဖြင့် ပြည့်လျှံစေတော့သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယင်းနွေးထွေးမှုနှင့် ရိုမန်တစ်များကို ဆောင်ကြဉ်းပေးသူမှာ ကြည့်ရ၍တည်ကြည်လှသောဂျာမဏီမိတ်ဆွေဖြစ်သည့် ကော်အန်းရှင်းပင်ဖြစ်သည်။

၁၉၉၉ ခုနှစ်က ဂျာမဏီနိုင်ငံ EBS စီးပွားရေးကောလိပ်မှဘွဲ့ရခါစဖြစ်သည့်ကော်အန်းရှင်းသည် အမိနိုင်ငံတွင် အလုပ်လုပ်နိုင်သည့်အခွင့်အလမ်းကိုလက်လွှတ်ပြီး တရုတ်နိုင်ငံသို့ ရောက်ရှိလာသည်။ ယမ်ပျန်းမြို့မှ ယူနန်ပြည်နယ်အထိ၊ တရုတ်ဘာသာသင်ယူခြင်းမှ ကွန်ပျူတာပရိုဂရမ်ရေးဆွဲမှုဘာသာရပ်သင်ယူခြင်းအထိ ကော်အန်းရှင်းသည် မိမိ၏ငယ်ရွယ်၍ "မတည်မငြိမ်"ဖြစ်သော စိတ်နှလုံးအတွက် မရပ်မနားဦးတည်ချက်ရှာဖွေခဲ့ရသည်။ ထိုအချိန်မှစ၍ ယူနန်ပြည်နယ်၏အလှတရားသည် သူ့ကို လေးနက်စွာ ဆွဲဆောင်ခဲ့ပြီးဖြစ်သည်။ သို့သော် ဤနေရာ၌ ချန်လိုက်၍ နေထိုင်လျှင် မလွယ်ပါ။

၂၀၁၀ ခုနှစ်တွင် အမိနိုင်ငံသို့ ပြန်သွားပြီးဖြစ်သောကော်အန်းရှင်းသည် ယူနန်မိတ်ဆွေတစ်ဦး၏ဖိတ်ကြားချက်ကိုရရှိခဲ့ပြီး ကူမင်းမြို့သို့ လာရောက်၍ TCG နော်တီခါယဉ်ကျေးမှုစင်တာကိုကူညီပေးပြီးစီမံခန့်ခွဲပေးရန်မျှော်လင့်ထားသည်။ ဤသို့နှင့် ကော်အန်းရှင်းသည် မဆိုင်းမငံ့ဘဲ ဖိတ်ကြားခြင်းကို ချက်ချင်းလက်ခံခဲ့သည်။ "စလုပ်တဲ့အချိန်ကစပြီး ဒီအလုပ်ကိုကြိုက်နှစ်သက်သွားလိမ့်မယ်လို့ကျွန်တော်မမိုတ်မသုန်ယုံကြည်မိပါတယ်။ ယူနန်ပြည်နယ်ရဲ့တောတောင်ရေမြေနဲ့လူမှုယဉ်ကျေးမှုများကို ကြိုက်နှစ်သက်တဲ့အပြင်၊ ယူနန်ပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုနဲ့မြောက်ဥရောပအနုပညာတို့ အချင်းချင်းဖလှယ်နိုင်ဖို့ ကျွန်တော် ပိုမို မျှော်လင့်ထားပါတယ်" ဟုကော်အန်းရှင်းက ပြောသည်။

ယဉ်ကျေးမှုဖလှယ်ရေး သံတမန်တစ်ဦးဖြစ်လိုသော အိပ်မက်ဖြင့် ကော်အန်းရှင်းသည် TCG နော်တီခါယဉ်ကျေးမှုစင်တာကိုအရှေ့တိုင်း၊ အနောက်တိုင်းယဉ်ကျေးမှုများ ထိတွေ့စေနိုင်သောညီစင်အဖြစ် ကြိုးပမ်းဆောင်ရွက်လာတော့သည်။ အနုပညာပြပွဲ၊ ကဗျာရွတ်ဆိုပွဲ၊ တေးဂီတပွဲ၊ယဉ်ကျေးမှုခရီးသွားရေးစသည့် အစီအစဉ်များကို ကျင်းပခြင်းဖြင့် ကူမင်းမြို့သူမြို့သားများအတွက် မျက်မှောက်ခေတ်တွင် မြောက်ဥရောပမှ အရေးပါသော အနုပညာရှင်များကို မိတ်ဆက်ပေးခဲ့သည်။ တစ်ချိန်တည်းတွင် တရုတ်နိုင်ငံ၏ ထုံးတမ်းစဉ်လာနှင့် ယခုခေတ်ယဉ်ကျေးမှုများကို အနောက်နိုင်ငံများသို့ မိတ်ဆက်ပေးခဲ့သည်။ ကော်အန်းရှင်းက အနုပညာဖလှယ်ရေးသည်နွေးထွေးသောကိစ္စတစ်ရပ်ဖြစ်ပြီး နှစ်ဖက်စလုံးတို့၏ နေထိုင်မှုဘဝထဲသို့ အပြန်အလှန်ပေါင်းသွင်းပြီး ခံစားလိုသည်ဟုယူဆထားသည်။ ၎င်းသည် အနုပညာရှင်များအတွက် နယ်ခံဒေသဘဝများနှင့် ပိုမိုနီးကပ်သောယဉ်ကျေးမှုပတ်ဝန်းကျင်ကို ထောက်ပံ့ပေး၍ မတူခြားနားသော ယဉ်ကျေးမှုများကို ထိတွေ့စေပြီး မတူခြားနားသော အနုပညာများကို အဆင့်မြင့်တင်သွားရန် မျှော်လင့်ထားသည်။

ကော်အန်းရှင်း၏စီမံအုပ်ချုပ်မှုအောက်တွင် လောလောဆယ် TCG နော်တီခါယဉ်ကျေးမှုစင်တာသည် တဟုန်ထိုး တိုးတက်လျက်ရှိနေသည်။ ယင်းသည် "မတည်မငြိမ်" ဖြစ်သော ကော်အန်းရှင်းက ယဉ်ကျေးမှုဖလှယ်ရေးအတွက် ဆောင်ရွက်ခဲ့သည့်စမ်းသပ်မှုအမျိုးမျိုးတို့၏အကျိုးကျေးဇူးဖြစ်သည်။ ခရစ်စမတ်ဈေးပွဲတော်ဖြင့် တရုတ်နှစ်ကူးဘုရားပွဲနှင့်လိုက်ဖက်ခြင်း၊ ခေတ်ပေါ်အကဖြင့် တိုင်းရင်းသားတေးသီချင်းများနှင့် ပေါင်းစပ်ခြင်း . . . ရေတွက်၍မရသော ဆန်းသစ်တီထွင်မှုအစီအစဉ်များသည် တရုတ်၊ အနောက်တိုင်းအနုပညာယဉ်ကျေးမှုအချင်းချင်းဖလှယ်ရေးအတွက် အားသစ်လောင်းပေးနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် ကော်အန်းရှင်းသည် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းအတွက် စတင်ကြံဆလာတော့သည်။ ၎င်းသည် ဖူးလ်မြို့သို့သွားရောက်လည်ပတ်ခြင်းသည် အကောင်းစားလက်ဖက်များ မြည်းရန်အတွက်သာမက လက်ဖက်ခူးယူခြင်း၏ပျော်ဖွယ်ရာကိုလည်း ခံစားရန်အတွက်ဖြစ်သည်၊ တာ့လီမြို့သို့ သွားရောက်လည်ပတ်ခြင်းသည် ဓာတ်ပုံရိုက်ကူးရန်အတွက်သာမက တိုင်းရင်းသားလူနည်းစုများ၏မတူခြားနားသောနေထိုင်စားသောက်ပုံကိုလည်း သွားရောက် ခံစားရန်အတွက်ဖြစ်သည်ဟုယူဆထားသည်။ "ခြေလှမ်းနှေးကွေးစွာ ခံစားရင် လူတိုင်းလူတိုင်း အနုပညာရှင်ဖြစ်နိုင်တယ်"ဟုကော်အန်းရှင်းက ပြောသည်။

"အရင်က ကူမင်း TCG နော်တီခါယဉ်ကျေးမှုစင်တာမှာ အလုပ်လုပ်ရခြင်းဟာ သက်သက်အလုပ်လုပ်ခြင်းဖြစ်ပါတယ်။ အခု ဒီအလုပ်ဟာ ကျွန်တော့်ဘဝရဲ့အစိတ်အပိုင်းဖြစ်သွားတာကို ကျွန်တော် ဘယ်တော့မှ မထင်ခဲ့ပါ။ အနာဂတ်မှာ ဒီနေရာဟာ ကျွန်တော့်အိပ်မက်ဖော်ဆောင်ရာနေရာဖြစ်လာမယ်လို့ကျွန်တော်မျှော်လင့်ထားတယ်" ဟု၎င်းက ပြောသည်။

ကော်အန်းရှင်းသည် (၆)နှစ်ကြာ ဘဝခံစားခြင်းနှင့် ချစ်ခြင်းမေတ္တာအနည်ထိုင်ခြင်းအားဖြင့် ယူနန်ပြည်နယ်၏ အလှတရားအတွက် ပိုမို အဆင့်မြင့်သောအတွေးအမြင်များကို ရရှိခဲ့သည်။ တရုတ်နှင့် အနောက်တိုင်းအကြား ယဉ်ကျေးမှုနှင့်အနုပညာဖလှယ်ရေး၏ တိုးတက်ရန်အလားအလာအတွက်လည်း ပိုမိုလှပ ကောင်းမွန်နိုင်မည်ဟုယုံကြည်မိသည်။ ၎င်းသည် မိမိအိပ်မက်၏ဦးတည်ချက်ကိုလည်း ပိုမို စွဲမြဲလာတော့သည်။ ဤသည်ကား "အကောင်းဆုံးသောယဉ်ကျေးမှုဖလှယ်ရေးသံတမန်" ဖြစ်အောင် ကြိုးစားသွားမည်ဖြစ်သည်။

သတင်းထောက် - စူးဝင်